**YOMA Strategic Holdings Ltd.**
Reg. No: 196200185E
78 Shenton Way, #32-00
Singapore 079120
Tel: (65) 6223 2262
Fax: (65) 6223 1990

# စင်ကာပူစတော့ဈေးကွက်စာရင်းဝင်ကုမ္ပဏီများ၏ အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ထိပ်ဆုံး ၅ ရာခိုင်နှုန်းစာရင်း၌ Yoma Strategic ပါဝင်

- ၂၀၁၄ ခုနှစ် ကုမ္ပဏီအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အညွှန်းကိန်းတွင်ပါဝင်သည့် စင်ကာပူစတော့ဈေးကွက်စာရင်းဝင်ကုမ္ပဏီ စုစုပေါင်း ၆၄၄ ခုတွင် Yoma Strategic ကုမ္ပဏီမှ အဆင့် ၂၆ ချိတ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အဆင့် ၇၄ ချိတ်ခဲ့ရာမှ ယခုကဲ့သို့ အဆင့်တိုးတက်လာခြင်းဖြစ်ပါသည်။

**စင်ကာပူနိုင်ငံ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်** - Yoma Strategic Holdings Ltd (Yoma Strategic သို့မဟုတ် ကုမ္ပဏီခွဲများစုပေါင်းပါဝင်သည့် Yoma Strategic ကုမ္ပဏီအုပ်စု) သည် အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှု အပိုင်းတွင် မှတ်တိုင်တစ်ခု ထပ်မံစိုက်ထူနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အညွှန်းကိန်း("GTI™") တွင်ပါဝင်သည့် စင်ကာပူစတော့ဈေးကွက် စာရင်းဝင်ကုမ္ပဏီ ၆၄၄ ခုတွင် Yoma Strategic ကုမ္ပဏီအုပ်စုသည် ထိပ်ဆုံး ၅ ရာခိုင်နှုန်းစာရင်း၌ပါဝင်ခဲ့ပြီး အဆင့် ၂၆ ချိတ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အဆင့် ၇၄ ချိတ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အဆင့် ၁၇၇ ချိတ်ခဲ့ပါသည်။

အဆိုပါတိုးတက်အောင်မြင်မှုနှင့်ပတ်သက်ပြီး Yoma Strategic ၏ CEO ဖြစ်သူ Mr.Andrew Rickards က " အုပ်ချုပ်မှုနဲ့ ပွင့်လင်းမြင်သာမှုဆိုင်ရာအညွှန်းကိန်းမှာ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အခုလို အဆင့်အများ ကြီးတိုးတက်ခဲ့တာကိုသိရတာဟာ ကြည်နူးအားရဖို့ကောင်းပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကုမ္ပဏီ အုပ်ချုပ်မှုနဲ့ ပွင့်လင်းမြင်သာမှုပိုင်းဆိုင်ရာမှာ စဉ်ဆက်မပြတ်တိုးတက်မှုရှိဖို့အတွက် ကြိုးပမ်းအား ထုတ်မှုတွေကို အသိအမှတ်ပြုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီကြီးထွားလာနေချိန်မှာပဲ GTI အဆင့်

သတ်မှတ်ချက်မှာ ကုမ္ပဏီအနေနဲ့ အခုလိုတိုးတက်လာတာဟာ စီမံခန့်ခွဲမှုအဖွဲ့နဲ့ ဝန်ထမ်းတွေ အတွက် ကြီးမားတဲ့ခွန်အားတစ်ရပ်ဖြစ်ပါတယ်။ တာဝန်ယူမှုရှိတဲ့စီပွားရေးလုပ်ထုံးလုပ်နည်းတွေကိုကျင့်သုံး ခြင်းဟာ ကျွန်တော်တို့ကုမ္ပဏီအုပ်စုရဲ့ အဓိကတန်ဖိုးစံနှုန်းတစ်ခုဖြစ်နေပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအုပ်စုအနေနဲ့ စင်ကာပူစတော့ဈေးကွက်မှာ မှတ်ပုံတင်ထားမှုနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တွေကြောင့် အမြင့်ဆုံးစံသတ်မှတ်ချက်တွေကို စောင့်ထိန်းလိုက်နာ ဖို့အတွက် ကုမ္ပဏီအုပ်ချုပ်ပုံနဲ့ အခြားကုမ္ပဏီတွင်းမူဝါဒတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်" ဟု ဆိုပါသည်။

Yoma Strategic ရဲ့ Executive Chairman ဖြစ်သူ Mr.Serge Pun ကလည်း" ကုမ္ပဏီအုပ်ချုပ်မှုနဲ့ ပွင့်လင်းမြင်သာမှုဆိုင်ရာညွှန်းကိန်းဟာ ကျွန်တော်တို့အတွက် ဦးစားပေးစံနှုန်းသတ်မှတ်ချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံလို ထွန်းသစ်စဈေးကွက်မှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေရတာကိုကြည့်မယ်ဆိုရင် ကုမ္ပဏီအုပ်ချုပ်မှုဆိုင်ရာ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်တစ်ခုကို စောင့်ထိန်းလိုက်နာတာဟာ ရေရှည်စဉ်ဆက်မပြတ်တိုးတက်ကြီးထွားမှုအတွက် အဓိကသော့ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ထုံးလုပ်နည်းတွေ ပိုမိုတိုးတက်လာဖို့နဲ့ ကုမ္ပဏီတွင်းမူဝါဒတွေ ပိုပြီးပွင့်လင်းမြင်သာမှုရှိလာစေဖို့အတွက် ကြိုးပမ်းလုပ်ကိုင်သွားမှာပါ။ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ထုံးလုပ်နည်းတွေဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့ အဲဒါတွေနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို မြန်မာနိုင်ငံမှာ လူတွေပိုမိုသိရှိလာဖို့ ကြိုးပမ်းရာမှာ ကျွန်တော်တို့အနေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ဆိုပါသည်။

- End -

**Yoma Strategic Holdings Ltd အကြောင်း** [www.yomastrategic.com](http://www.yomastrategic.com)

Singapore Securities Exchange Trading Limited (SGX-ST) ၏ Main Board စာရင်းဝင်ဖြစ်သော Yoma Strategic Holdings Ltd သည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးလုပ်ငန်းများ နှင့် အဆင့်မြင့်ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ထိပ်တန်း စီးပွားရေးကော်ပိုရေးရှင်း တစ်ခုဖြစ်ပါသည်။ Yoma Strategic Holdings Ltd သည် မိတ်ဖက် အဖွဲ့အစည်းဖြစ်သော SPA အုပ်စုနှင့်အတူ ပူးပေါင်းကာ လုပ်ငန်းစုံကော်ပိုရေးရှင်းကြီးအဖြစ် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ အသီးသီးတွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေပါသည်။

**ကုမ္ပဏီအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာညွှန်းကိန်းအကြောင်း**

ကုမ္ပဏီအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာညွှန်းကိန်း(GTI™) ကို The Business Times(BT) နှင့် the Centre for Governance, Institutions and Organisations(ယခင် CGFRC) တို့က ပူးတွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီများ၏ နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်မှုတွေအပေါ်မှာအခြေခံပြီး အဆိုပါကုမ္ပဏီများ၏ ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုကို အကဲဖြတ်သည့် GTI™ကို CPA Australia ကမကထပြုလုပ်ပေးထားပြီး စင်ကာပူရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးအဖွဲ့အစည်း (IMAS) က ပံ့ပိုးကူညီပေးထားပါသည်။

---

Yoma Strategic Holdings Ltd. ကိုယ်စား TODAY Ogilvy Public Relations မှထုတ်ပြန်ပါသည်။


မြန်မာမီဒီယာများ ကျေးဇူးပြု၍ TODAY Ogilvy Public Relations Myanmar ကိုဆက်သွယ်ပါ။

Ms Hla Myat Mon, Tel: 95-09-5096881, Email: hla.myatmon@todayogilvy.com

Mr Shane Neubronner, Tel: 95-09-421151418, Email: shane.neubronner@ogilvy.com